ညွှန်ချုပ်ရုံးဝင်စာမှတ်ပုံတင်

| ရက်စွဲ | ၂၁.၁.၁၉ |
| --- | --- |
| အချိန် | ၁၆:၂၀ |
| စာအမှတ် | ၅၇၀၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ
ညွှန်ကြားချက်အမှတ်( ၁ / ၂၀၁၉)
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်
( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် )

စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

## ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ "စီးပွားရေးလုပ်ငန်းရှင်များ" လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်

၁။ စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြား ချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရန် ၂၆-၁၀-၂၀၁၈ ရက်စွဲပါ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၈) အား ထုတ်ပြန်ခဲ့ပါသည်-

(က) သုံးစွဲပုံအညွှန်း၊
(ခ) ထားသိုသိမ်းဆည်းပုံအညွှန်း၊
(ဂ) ဓါတ်မတည့်ကြောင်းဖော်ပြချက်/ ကြိုတင်သတိပေးချက်၊
(ဃ) ဘေးထွက်ဆိုးကျိုး။

၂။ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ၆ လ ပြည့်မြောက်သည့်နေ့တွင် စတင်အာဏာသက်ရောက်မည် ဖြစ်ပြီး လိုက်နာမှုမရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၉ အရ အရေးယူခံရမည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် နောက်ဆက်တွဲပါ ဇယားအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
( မြင့်လွင်၊ အတွင်းရေးမှူး )
စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ

စာအမှတ်၊ စသရ (ဗဟို) /၂၀၁၉ ( ၀၀၀၂ )
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များအားလုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန်။

နောက်ဆက်တွဲ

## ကုန်အညွှန်းအမှတ်အသားများ မြန်မာဘာသာနှင့်ဖော်ပြရမည့် သတ်မှတ်ချက်ဇယား

| စဉ် | ကုန်ပစ္စည်း | သုံးစွဲမှု အညွှန်း | ထားသို သိမ်းဆည်းပုံ အညွှန်း | ဓါတ်မတည့် ကြောင်း ဖော်ပြချက်/ ကြိုတင် သတိပေးချက် | ဘေးထွက် ဆိုးကျိုး |
|---|---|---|---|---|---|
| (က) | အစားအသောက်များ | | | | |
| | (၁) အချိုရည်နှင့် ယိုမျိုးစုံ | ✔ | ✔ | ✔ | ✘ |
| | (၂) နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၃) အသားနှင့် အသားထွက်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၄) ဥ နှင့် ဥထွက်ပစ္စည်းအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၅) စည်သွပ်အစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၆) စားသုံးဆီအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၇) အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည် ထုပ်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၈) အသင့်စားခေါက်ဆွဲခြောက်ထုပ် အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၉) အရန်သင့်အစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၀) အေးခဲအစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၁) သောက်ရေသန့်အမျိုးမျိုး | ✘ | ✔ | ✘ | ✘ |
| | (၁၂) ဟင်းလျာများတွင် အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသော ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၃) ရေ့တ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၄) အသင့်စားမုန့်အမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၁၅) ကလေးအာဟာရဖြည့်စွက်စာ အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | ~~(၁၆) ကွမ်းစားဆေးအမျိုးမျိုး~~ | ~~✔~~ | ~~✔~~ | ~~✔~~ | ~~✔~~ |
| | (၁၇) ဆေးလိပ်အမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၁၈) ယမကာအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၁၉) အခြားပြုပြင်ထုပ်ပိုး/ထုတ်လုပ်ထားသောစားသောက်ကုန် အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |

| စဉ် | ကုန်ပစ္စည်း | သုံးစွဲမှုအညွှန်း | ထားသိုသိမ်းဆည်းပုံအညွှန်း | ဓါတ်မတည့်ကြောင်းဖော်ပြချက်/ကြိုတင်သတိပေးချက် | ဘေးထွက်ဆိုးကျိုး |
|---|---|---|---|---|---|
| (ခ) | အိမ်သုံးပစ္စည်းများ | | | | |
| | (၁) အိမ်သုံးလျှပ်စစ်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၂) အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| (ဂ) | ကလေးအသုံးဆောင်ပစ္စည်းများ | | | | |
| | (၁) ကလေးလက်တွန်းလှည်းပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၂) ကလေးလမ်းလျှောက်ကွင်းပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၃) ကလေးကစားစရာအရုပ်နှင့်ပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၄) ကလေးပုခက်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၅) ကလေးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| (ဃ) | ဆက်သွယ်ရေးသုံးပစ္စည်းများ | | | | |
| | (၁) ကြိုးဖုန်းအမျိုးမျိုး | ✔ | ✘ | ✘ | ✘ |
| | (၂) ကြိုးမဲ့ဖုန်းအမျိုးမျိုး | ✔ | ✘ | ✘ | ✔ |
| | (၃) လက်ကိုင်ဖုန်းအမျိုးမျိုး | ✔ | ✘ | ✘ | ✔ |
| | (၄) ဖုန်းဆက်စပ်ပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✘ | ✘ |
| (င) | ဆေးဝါးနှင့်ဖြည့်စွက်စာများ | | | | |
| | (၁) ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးသောက်ဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၂) ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးလိမ်းဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၃) အာဟာရဖြည့်စွက်စာအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၄) တိုင်းရင်းဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |

| စဉ် | ကုန်ပစ္စည်း | သုံးစွဲမှုအညွှန်း | ထားသိုသိမ်းဆည်းပုံအညွှန်း | ဓါတ်မတည့်ကြောင်းဖော်ပြချက်/ကြိုတင်သတိပေးချက် | ဘေးထွက်ဆိုးကျိုး |
|---|---|---|---|---|---|
| (စ) | ဓါတုဗေဒပစ္စည်းများ | | | | |
| | (၁) စိုက်ပျိုးရေးသုံးဓါတ်မြေဩဇာအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၂) ပိုးသတ်ဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၃) စားသောက်ကုန်များတွင်အသုံးပြုသောဓါတုပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၄) လူသုံးကုန်များတွင်အသုံးပြုသောဓါတုပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၅) အလှကုန်များတွင်အသုံးပြုသောဓါတုပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| (ဆ) | အလှကုန်ပစ္စည်းများ | | | | |
| | (၁) အလှကုန်ပစ္စည်းအမျိုးမျိုး (၁၀ ဂရမ် အထက်) | ✔ | ✔ | ✔ | ✘ |
| | (၂) အလှကုန်ပစ္စည်းအမျိုးမျိုး (၁၀ ဂရမ်နှင့် အောက်) | ✔ | ✘ | ✘ | ✘ |
| | (၃) ဆံပင်ပြုပြင်ရန်သုံးစွဲပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| (ဇ) | လူသုံးကုန်ပစ္စည်းများ | | | | |
| | (၁) သွားတိုက်ဆေးအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၂) ဆပ်ပြာအရည်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၃) ဆပ်ပြာအခဲအမျိုးမျိုး | ✘ | ✘ | ✔ | ✘ |
| | (၄) ဆပ်ပြာအမှုန့်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| (ဈ) | လုပ်ငန်းသုံးပစ္စည်းကိရိယာများ | | | | |
| | (၁) စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၂) ကျန်းမာရေးအထောက်အကူပြုအသုံးအဆောင် ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |

မှတ်ချက်။ (၁) (✔) သည် မဖြစ်မနေ ဖော်ပြရန်လိုအပ်သည့် အညွှန်းအမှတ်အသားဖြစ်ပြီး (✘) သည် မဖြစ်မနေဖော်ပြရန်မလိုအပ်ဘဲ ဖော်ပြလိုက ဖော်ပြနိုင်သည့် အညွှန်းအမှတ် အသားဖြစ်ပါသည်။

(၂) မြန်မာဘာသာဖြင့် ဖော်ပြရာတွင် သာမန်မျက်စိဖြင့် မြင်နိုင်သော စာလုံးအရွယ်အစား ဖြစ်ရမည်။

(၃) မြန်မာဘာသာဖြင့် ဖော်ပြရာတွင် ကုန်စည်အမျိုးအစားနှင့် အရွယ်အစားအပေါ် အခြေခံ၍ ဖော်ပြရန်လိုအပ်သည့် အချက်အလက်များကို စားသုံးသူသို့ လက်လီရောင်းချမည့် ကုန်စည်၏ထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြရန်။

(၄) ကုန်ပစ္စည်းပေါ်တွင် အချက်အလက်များဖော်ပြရန် မဖြစ်နိုင်ပါက ကုန်စည်အမျိုးအစားနှင့် စပ်လျဉ်းသည့် လက်ကမ်းစာစောင်/ အညွှန်းတို့ဖြင့် ဖော်ပြပြီး ကုန်စည်နှင့်အတူ စားသုံးသူသို့ တပါတည်းပေးအပ်ရန်။

(၅) ပြည်ပမှ တင်သွင်းဖြန့်ဖြူးသည့် ကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့် ကိုက်ညီစေရေးအတွက် ဈေးကွက်ဖြန့်ဖြူးခြင်းမပြုမီ ပြုပြင်ရန်။

(ထပ်ပိုးကပ်ခြင်း သို့မဟုတ် ထုတ်ပိုးပစ္စည်းအသစ်အသုံးပြုခြင်း)

(၆) သက်ဆိုင်ရာဌာနများမှ ကြီးကြပ်ကွပ်ကဲသည့် ကုန်ပစ္စည်းများအတွက် ၎င်းဌာနများ၏ ညွှန်ကြားချက်အတိုင်း လိုက်နာရန်နှင့် ၎င်းညွှန်ကြားချက်နှင့်အညီ ဤအမိန့်ကြော်ငြာစာပါ ဖော်ပြရန်အချက်များအားမြန်မာဘာသာဖြင့် ဖော်ပြရန်။

(၇) ကျန်းမာရေး အထောက်အကူပြု အသုံးအဆောင် ပစ္စည်းအမျိုးမျိုးတွင် ဆရာဝန်/ ကျန်းမာရေးဝန်ထမ်းတို့၏ ညွှန်ကြားချက်မပါဘဲ အသုံးပြုနိုင်သည့် အိမ်သုံးသွေးပေါင်ချိန်စက်၊ အိမ်သုံးသွေးချိုတိုင်းစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ကိုယ်ဝန်ရှိ/မရှိ ဆီးစစ်တံ၊ ကွန်ဒုံး၊ ကိုယ်ပူချိန်တိုင်းကိရိယာ စသည့် မိသားစုသုံးပစ္စည်းများကို ဆိုလိုသည်။